ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဝန်ကြီးရုံး
ပြည်ထဲရေးဝန်ကြီးဌာန

၆၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ
# (၁၉၄၇ ခုနှစ်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

စစစ

# ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ
# (၁၉၄၇ ခုနှစ် မြန်မာနိုင်ငံတော်အက်ဥပဒေအမှတ် ၈၃)
# (၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

(၁၉၅၁ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့စွဲပါ ၁၉၅၁ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ (၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတော်အက်ဥပဒေအမှတ် ၁၇)နှင့် ၁၉၅၁ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး(ဒုတိယပြင်ဆင်ချက်)အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၃)တို့အရပြင်ဆင်ပြီးဖြစ်သည့်အတိုင်း)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ဤအက်ဥပဒေသည် ဆက်လက်အာဏာတည်ခြင်းမှ ရပ်စဲစေရမည်ဟု နိုင်ငံတော်သမတက ကျေညာချက်ဖြင့် ဆင့်ဆိုသည့်နေ့ရက်အထိ အတည်ဖြစ်စေရမည်။

၂။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားအဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်-

(၁) **ပြည်သူပိုင်ပစ္စည်း** ဆိုသည်မှာ မြန်မာနိုင်ငံတော်တွင် အမှုထမ်းလျှက်ရှိသည့် ကြည်း၊ရေ၊လေ တခုခုကပိုင်ဆိုင်သော သို့တည်းမဟုတ် ထိုတပ်တခုခုအတွက် ပေးပို့သော သို့တည်းမဟုတ် ထိုတပ်တခုခုကသုံးစွဲရန်ကြံရွယ်သော သို့တည်းမဟုတ် မြန်မာနိုင်ငံတော်အစိုးရကသော်၎င်း၊ ဥပဒေတခုခုအရ ဖွဲ့စည်းထားသော ဒေသန္တရအာဏာပိုင်အဖွဲ့ကသော်၎င်း ပိုင်ဆိုင်သော သို့တည်းမဟုတ် အဆိုပါတခုခုအတွက် ပေးပို့သော သို့တည်းမဟုတ် အဆိုပါတစ်ခုခုကသုံးစွဲရန်ကြံရွယ်သော သိုလှောင်ပစ္စည်းကိုဖြစ်စေ၊ အသုံးအဆောင်ကိုဖြစ်စေ၊ အခြားပစ္စည်းကိုဖြစ်စေဆိုလိုသည်။

(၂) **အကျိုးယုတ်စေသောပြုလုပ်မှု** ဆိုသည်မှာ အောက်ပါပြုလုပ်မှုများကိုဆိုလိုသည်။

(က) The Union of Burma (Adaptation of Laws) Order, 1948 အရ ပယ်ဖျက်သည်၊ ၁၉၄၇ ခုနှစ်၊ ဝင်ကုန်ထွက်ကုန်များကြီးကြပ်ရေး(ယာယီ) အက်ဥပဒေအရ နိုင်ငံတော်အစိုးရနည်းလမ်းတကျ ပြုလုပ်ထားသော ဝင်ကုန်နှင့်ထွက်ကုန်ဆိုင်ရာ အမိန့်များနှင့် နည်းဥပဒေများကိုဆန့်ကျင်လျှက် မြန်မာနိုင်ငံတော်အတွင်းသို့သော်၎င်း၊ အပသို့သော်၎င်း၊ ပစ္စည်းတခုခုကိုလျှို့ဝှက်တင်ဆောင်ရန် ရည်ရွယ်ချက်ရှိသည်လည်းဖြစ်၍ ဥပဒေနှင့် ဆန့်ကျင်သည်လည်းဖြစ်သော ပြုလုပ်ခြင်းနှင့် တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ ဆက်စပ်သည့် သို့တည်းမဟုတ် စပ်လျဉ်းသည့် ပြုလုပ်မှု သို့တည်းမဟုတ်

(ခ) ပြည်သူပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ခြင်းကို သို့တည်းမဟုတ် ဤအက်ဥပဒေအရ၎င်း၊ The Union of Burma (Adaptation of Laws) Order, 1948 အရပယ်ဖျက်သည်၊ ၁၉၄၇ ခုနှစ်၊ ဝင်ကုန်ထွက်ကုန်များကြီးကြပ်ရေး(ယာယီ) အက်ဥပဒေအရ၎င်း၊ ၁၉၄၇ ခုနှစ်၊ ပြည်သူ့အသုံးဝင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေအရ၎င်း၊ ၁၉၄၇ ခုနှစ် နိုင်ငံခြားငွေလဲလှယ်ရေးစည်းမျဉ်းသတ်မှတ်မှုဥပဒေအရ၎င်း၊ ၁၉၄၇ ခုနှစ်၊ မသုံးမဖြစ်ကုန်စည်များနှင့် အမှုထမ်းခြင်း အက်ဥပဒေအရ၎င်း ပြုလုပ်ထားသော နည်းဥပဒေဖြစ်စေ၊ အမိန့်ဖြစ်စေ၊ ဆန့်ကျင်ခြင်းကို

တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ အားပေးကူညီသော သို့တည်းမဟုတ် လှုံ့ဆော်သော သို့တည်းမဟုတ် လွယ်ကူစေသောပြုလုပ်မှု သို့တည်းမဟုတ်

(ဂ) ပြည်သူပိုင်ပစ္စည်းစောင့်ရှောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း တခုခုပြုနေသူကဖြစ်စေ၊ ပြုခဲ့သူကဖြစ်စေ အဆိုပါပစ္စည်းများတိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ ပျောက်ဆုံးခြင်း၊ ညံ့ဖျင်းခြင်း၊ ဆုတ်ယုတ်ခြင်း၊ ပျက်စီးခြင်းတစ်ခုခုကိုဖြစ်စေသော ထိုသူတဦးဦး၏ တမင်ပေါ့လျော့မှု သို့တည်းမဟုတ် စီမံခန့်ခွဲခြင်းညံ့ဖျင်းမှု သို့တည်းမဟုတ် ပျက်ကွက်မှု သို့တည်းမဟုတ်

(ဃ) ခိုးမှု၊ ရာဇဝတ်မကင်းသော အလွဲသုံးစားမှု၊အကျိုးဖျက်ဆီးမှု၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု တခုခုကျူးလွန်ခြင်းဖြင့်ဖြစ်စေ၊ မတရားသော နည်းလမ်းဖြင့်ဖြစ်စေ၊ ပြည်သူပိုင်ပစ္စည်းကို တဦးတယောက်သောသူရရှိသည်ဟု သင်္ကာမကင်းဖြစ်စေသည်လည်းဖြစ်၍ အဆိုပါပြည်သူပိုင်ပစ္စည်းနှင့် တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း စပ်လျဉ်းသည်လည်းဖြစ်သော အဆိုပါသူ၏ ဆက်ဆံပြုမူခြင်း။

၃။ မည်သူမဆို ပျောက်ဆုံးသည်ဟု သို့တည်းမဟုတ် စွန့်ပစ်ထားသည်ဟု မိမိယုံကြည်ရန်အကြောင်းရှိသည်လည်းဖြစ်၍ မပျောက်ဆုံးမီကသော်၎င်း၊ မစွန့်ပစ်မီကသော်၎င်း လက်နက်ကိုင်တပ်တတပ်တွင်ဖြစ်စေ၊ အစိုးရလက်အောက်၌ဖြစ်စေ အမှုထမ်းရွက်ခဲ့သူတဦးတယောက်လက်ရှိဖြစ်ခဲ့သည်လည်းဖြစ်သော ပြည်သူပိုင်ပစ္စည်းတစ်ခုကိုတွေ့လျှင် ထိုသို့တွေ့သောသူသည်-

(က) အဆိုပါပစ္စည်း၏ အမျိုးအမည်နှင့် တွေ့သည့်နေရာတို့ကို အစီရင်ခံရမည်၊ သို့တည်းမဟုတ် အဆိုပါပစ္စည်းသည် စာတမ်းအမှတ်အသားဖြစ်လျှင် မြန်မာနိုင်ငံတော်တွင် အမှုထမ်းလျက်ရှိသော ကြည်း၊ရေ၊လေ တပ်တခုခုတွင် အမှုထမ်းနေ၍ အနီးအနားတွင်တာဝန်ထမ်းဆောင်လျက်ရှိသူ တဦးတယောက်ထံသို့ဖြစ်စေ၊ အနီးအနားတွင်ရှိသော ရဲဌာနမှူးထံသို့ဖြစ်စေ ထိုစာတမ်းအမှတ်အသားကိုပေးအပ်စေရမည်၊ သို့တည်းမဟုတ် အဆိုပါပစ္စည်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အပတွင်တွေ့ရှိခဲ့လျှင် အဆိုပါပစ္စည်း၏ အမျိုးအမည်နှင့် တွေ့သည့်နေရာတို့ကို အစိုးရအမှုထမ်းထံသို့ အစီရင်ခံစေရန်သော်၎င်း၊ အဆိုပါပစ္စည်းသည် စာတမ်းအမှတ်အသားဖြစ်နေလျှင် အစိုးရအမှုထမ်းအား မြန်နိုင်သမျှ လျှင်မြန်စွာပေးအပ်ရန်သော်၎င်း တတ်နိုင်သမျှ အရေးယူဆောင်ရွက်ရမည်။

(ခ) ဆိုခဲ့ပြီးသည့်အတိုင်းမှတပါး နိုင်ငံတော်သမတ၏ ခွင့်ပြုချက်မရှိဘဲ အဆိုပါပစ္စည်းကို မရွှေ့ရ သို့တည်းမဟုတ် တမျိုးတဖုံမပြုရ။

၄။ ပုဒ်မ ၃ အရပြဋ္ဌာန်းထားသော တာဝန်နှင့် ချုပ်ချယ်ချက်များသည် ထိုပုဒ်မတွင် အမျိုးအမည်သီးခြားဖော်ပြထားသော သို့တည်းမဟုတ် နိုင်ငံတော်သမတက ဤကိစ္စအလို့ငှာ ခန့်အပ်ထားသော အာဏာပိုင်က အမျိုးအမည်သီးခြားဖော်ပြထားသော ပြည်သူပိုင်ပစ္စည်းနှင့် မသက်ဆိုင်စေရဟု နိုင်ငံတော်သမတကအမိန့်ဖြင့်ဆင့်ဆိုနိုင်သည်။

၅။ မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်ကိုဆန့်ကျင်လျှင် ထိုသူကို ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆။ (၁) တည်ဆဲအခြားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ တဦးတယောက်သောသူသည် ပြည်သူပိုင်ပစ္စည်းကို အခွင့်အာဏာမရဘဲ

လက်ရှိထားလျှင် သို့တည်းမဟုတ် ပြည်သူပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု၊ အကျိုးဖျက်ဆီးမှု တခုခုကို ကျူးလွန်လျှင် ထိုသူကို ကျွန်းပို့ထောင်ဒဏ်ဖြစ်စေ၊ ကြိမ်ဒဏ်ဖြစ်စေ၊ထောင်ဒဏ်နှင့်ကြိမ်ဒဏ် နှစ်မျိုးလုံးဖြစ်စေချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်ရမည်။

(၂) ပုဒ်မခွဲ (၁)အရ ရာဇဝတ်မှုစွဲဆိုရာတွင် လက်ရှိထားနိုင်သည့်အခွင့်အာဏာရှိကြောင်းကို ထင်ရှားအောင်ပြသရန်တာဝန်သည် အဆိုပါပြည်သူပိုင်ပစ္စည်းကိုလက်ရှိထားကြောင်းတွေ့ခြင်းခံရသူ၏တာဝန် ဖြစ်စေ ရမည်။

၇။ (၁) ရဲအုပ်ရာထူးထက်အဆင့်အတန်းမနိမ့်သော အရာရှိတဦး ကဖြစ်စေ၊ နိုင်ငံတော်သမတက ဤကိစ္စအလို့ငှာ ယေဘုယျအမိန့်ဖြင့် သို့တည်းမဟုတ် အထူးအမိန့်ဖြင့် အခွင့်အာဏာအပ်နှင်းထားသော အခြား အမိန့်ရအရာရှိတဦးဦးကဖြစ်စေ နိုင်ငံတော်သမတကသတ်မှတ်ထားသော အာဏာပိုင်၏ ကြိုတင်သဘောတူညီချက်ဖြင့် ပြည်သူပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (၁)တွင် ဖော်ပြပါရှိသော ပြစ်မှုများကိုကျူးလွန်ပြီး ဖြစ်သည်ဟုသော်၎င်း၊ ကျူးလွန်ဆဲဖြစ်သည်ဟုသော်၎င်း အဆိုပါအရာရှိက သက်သေကောင်းဖြစ်သောသူကို ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်။

(၂) နိုင်ငံတော်သမတက ယေဘုယျအမိန့်ဖြင့် သို့တည်းမဟုတ် အထူးအမိန့်ဖြင့် ဤကိစ္စအလို့ငှာ အခွင့်အာဏာအပ်နှင်းထားသော အရာရှိသည် အကျိုးယုတ်စေသောပြုလုပ်မှုကို ကျူးလွန်ပြီးဖြစ်သည်ဟုသော်၎င်း၊ ကျူးလွန်ဆဲဖြစ်သည်ဟုသော်၎င်း မိမိကသက်သေမကင်းဖြစ်သောလူကို ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်။

(၂-က) နိုင်ငံတော်သမတက ယေဘုယျအမိန့်ဖြင့် သို့တည်းမဟုတ် အထူးအမိန့်ဖြင့် ဤကိစ္စအလို့ငှာ အခွင့်အာဏာအပ်နှင်းထားသော အရာရှိသည်တဦး တယောက်သောသူနှင့် စပ်လျဉ်း၍ ပုဒ်မ ၆ (၁)တွင် ဖော်ပြပါရှိသော ပြစ်မှု ကိုဖြစ်စေ၊ ပြည်သူပိုင်ပစ္စည်းနှင့်စပ်လျဉ်းသည့် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကိုဖြစ်စေ၊ အကျိုးယုတ်စေသောပြုလုပ်မှု ကိုဖြစ်စေ၊ ကျူးလွန်ခြင်းမှတားမြစ်ရန်အလို့ငှာ

ထိုသူအားဖမ်းဆီးခြင်း အတွက်လိုအပ်သည့် အခြေအနေရှိသည်ဟု မိမိကယူဆကျေနပ်လျှင် ထိုသူ ကို ဝရမ်းမပါဘဲနှင့်ဖမ်းဆီးနိုင်သည်။

(၃) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲ (၂-က)တခုခုနှင့်အညီ ဖမ်းဆီးသောအရာရှိသည် သို့တည်းမဟုတ် ပြည်သူပိုင်ပစ္စည်းနှင့် စပ်လျဉ်းသည့် ရာဇဝတ်မကင်းသောယုံကြည်အပ်နှံရေးဖောက်ဖျက်မှုအတွက် ဖမ်းဆီးသောအရာရှိသည် ထိုသို့ဖမ်းဆီးကြောင်းကို နိုင်ငံတော်သမတထံသို့ ချက်ခြင်းအစီရင်ခံတင်ပြရမည့်ပြင် ထိုသူအား နိုင်ငံတော်သမတ၏ အမိန့်မရရှိမီအတွင်း၌ နိုင်ငံတော်သမတက ယေဘုယျအမိန့်ဖြင့် သို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားဖော်ပြသည့်အတိုင်း အမိန့်စာထုတ်ဆင့်၍ ချုပ်ထားရမည်။

ခြွင်းချက်။ သို့ရာတွင်-

(က) ဤပုဒ်မခွဲအရ မည်သူ့ကိုမျှ နိုင်ငံတော်သမတ၏အမိန့်မရဘဲ တဆယ့်ငါးရက်ထက်ပို၍ချုပ်မထားရ၊

(ခ) ဤပုဒ်မခွဲအရ မည်သူကိုမျှ ၆ လထက်ပို၍ချုပ်မထားရ။

(၄) ဤပုဒ်မခွဲ (၁)အရ သို့တည်းမဟုတ် ပုဒ်မခွဲ (၂)အရ ဖမ်းဆီးခြင်းခံရသူသည် အာမခံပေးရန်အသင့်ရှိ၍ နိုင်ငံတော်သမတက အခကာလအားလျော်စွာပြုလုပ်သည့်စည်းကမ်းချက်တို့ကို သို့တည်းမဟုတ် ညွှန်ကြားချက်တို့ကိုလိုက်နာပါမည်ဟု တာဝန်ယူကာ အာမခံနှင့်ဖြစ်စေ၊ အာမခံမပါဘဲဖြစ်စေ ခံဝန်ချုပ်ကိုချုပ်ဆိုလျှင် ထိုသူအားဖမ်းဆီးသူအရာရှိသည် နိုင်ငံတော်သမတကဖြစ်စေ၊ နိုင်ငံတော်သမတက ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသောသူကဖြစ်စေ၊ အခါကာလအားလျော်စွာထုတ်ပြန်သော ယေဘုယျညွှန်ကြားချက်ကို သို့တည်းမဟုတ် အထူးညွှန်ကြားချက်ကို လိုက်နာလျက် ထိုသူအား အချုပ်မှလွှတ်နိုင်သည်။

(၅) ပုဒ်မခွဲ (၃)အရတင်သွင်းသော အစီရင်ခံစာကိုရရှိသောအခါ နိုင်ငံတော်သမတသည် ပုဒ်မခွဲ (၃)၏ ဒုတိယခြွင်းချက်နှင့် မဆန့်ကျင်စေဘဲ စုံစမ်းစစ်ဆေးရန်အလို့ငှာ လိုအပ်သည်ဟု မိမိထင်မြင်သော ကာလ

အမိန့်အမြဲအတည် ဤပုဒ်မအရ ဖမ်းဆီးထားသူကို အချုပ်ဖြင့်ထားရန် အမိန့်ပြဌာန်းဆိုနိုင်သည်။

(၆) ပုဒ်မခွဲ (၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အာမခံရယူသည့် အချိန်၌ ထိုဝန်ခံချုပ်သည် အဆိုပါအာမခံရယူခြင်းနှင့် စပ်လျဉ်းသောနေရာ လျှင် စီရင်ပိုင်ခွင့်အာဏာရှိသူ ခရိုင်ရာဇဝတ်တရားသူကြီးက ရာဇဝတ် ကျင့်ထုံးအရယူသော ခံဝန်ချုပ်ဖြစ်သည်ဟုမှတ်ယူရမည်၊ ထိုခံဝန်ချုပ်သည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၄ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

(၇) ပုဒ်မခွဲ (၅)အရ ချမှတ်သော ချုပ်ထားစေအမိန့်သည် အဆိုပါအမိန့်ချမှတ်ခြင်းနှင့် စပ်လျဉ်းသူကို အခွင့်အာဏာရှိသော တရားရုံး သို့စစ်ဆေးစီရင်စေရန် တင်ပို့ပြီးသည့်နောက် ဆက်လက်ချုပ်ထားရန် ချုပ်ဖြစ်သည် ဟုမှတ်ယူရ၊ သို့ရာတွင် စစ်ဆေးစီရင်ခြင်း သို့တည်းမဟုတ် စုံစမ်းခြင်းကို ဆောင်ရွက်လျက်ရှိသော တရားရုံးက ထိုတရားခံကို အာမခံနှင့်လွှတ်ထားလျှင် ထိုတရားခံသည် သက်သေကို မသားသက်သေ ခံစေရန်မပြုတန်ရာဟုသော်၎င်း၊ သက်သေခံကို ပျောက်ပျက်စေ ရန်မပြုတန်ရာဟုသော်၎င်း ထိုသူ့အပေါ်၌ သက်သေခံအဖြစ်ဖြင့် အသုံးပြု နိုင်သည့် စာတမ်းအမှတ်အသား လျှို့ဝှက်ခြင်း၊ ဖျက်ဆီးခြင်း တရားမပြုတန်ရာဟုသော်၎င်း ထင်ရှားအောင် မပြနိုင်ခဲ့သော် အဆိုပါ တရားခံကို အာမခံနှင့်လွှတ်မထားရ။

၈။ (၁) တည်ဆဲအခြားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ တဦးတယောက်သောသူအား ပုဒ်မ ၇ အရဖမ်းဆီးသော သို့တည်းမဟုတ် ချုပ်နှောင်သောကိစ္စ၌ နိုင်ငံတော်ရဲဗိုလ်ချုပ်သည်သော်၎င်း၊ ရန်ကုန် မြို့တော်ရဲမင်းကြီးသည်သော်၎င်း၊ နိုင်ငံတော်သမတက ဤကိစ္စအလို့ငှာ ခန့်အပ်ထားသော အခြားအစိုးရအရာရှိတဦးဦးသည်သော်၎င်း မိမိက သင့်တော်သည်ဟုထင်မြင်လျှင်-

(က) ဘဏ်တခုခုကပိုင်ဆိုင်သော သို့တည်းမဟုတ် ထိုဘဏ်က အုပ်ချုပ်လျက်ရှိသော စာအုပ်များကို ကြည့်ရှုစစ်ဆေးနိုင် သည် သို့တည်းမဟုတ် ခရိုင်ရဲဗိုလ်မှူးရာထူးထက်အဆင့်

အတန်းမနိမ့်သောအရာရှိတဦးအား ထိုသူ၏အမည်ကို သီးခြားဖော်ပြပါရှိသောအမိန့်စာဖြင့် ထိုသို့သောစာအုပ်များကိုကြည့်ရှုစစ်ဆေးစေနိုင်သည်၊ သို့တည်းမဟုတ်

(ခ) ဆိုခဲ့သောသူ၏ သို့တည်းမဟုတ် ဆိုခဲ့သောသူအား မှီခိုနေသော အခြားသူ၏ ငွေစာရင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဆိုခဲ့သောသူ၏ အမည်ဖြင့် သို့တည်းမဟုတ် ဆိုခဲ့သောသူအား မှီခိုနေသော အခြားသူ၏အမည်ဖြင့် ဘဏ်တွင် လုံခြုံရေးအတွက် သိမ်းထားသောပစ္စည်းနှင့်စပ်လျဉ်း၍ဖြစ်စေ ဘဏ်စာအုပ်ထဲတွင် ရေးသွင်းထားသော ရေးသွင်းချက်တာဝန်ခံမိတ္တူကိုသော်၎င်း၊ ဘဏ်ကသိသော အကြောင်းအရာကိုသော်၎င်းပေးရန် ဘဏ်မန်နေဂျာကို သို့တည်းမဟုတ် ဘဏ်ကိုယ်စားလှယ်ကိုဆင့်ဆိုနိုင်သည် သို့တည်းမဟုတ်

(ဂ) တားမြစ်သောအရာရှိ၏ အမိန့်စာမပါရှိဘဲ ဆိုခဲ့သောသူ၏ သို့တည်းမဟုတ် ဆိုခဲ့သောသူအား မှီခိုနေသော အခြားသူ၏ အမည်ဖြင့် ထည့်သွင်းထားသော ငွေကိုထုတ်ပေးခြင်း၊ မပြုရဟုသော်၎င်း၊ ဆိုခဲ့သောသူ၏ သို့တည်းမဟုတ် ဆိုခဲ့သောသူအားမှီခိုနေသော အခြားသူ၏အမည်ဖြင့် ဘဏ်တွင် လုံခြုံရေးအတွက်သိမ်းထားသော ပစ္စည်းများကို ထုတ်ပေးခြင်းမပြုရဟုသော်၎င်း၊ ဘဏ်မန်နေဂျာကိုဖြစ်စေ၊ ဘဏ်ကိုယ်စားလှယ်ကိုဖြစ်စေ တားမြစ်နိုင်သည်။

(၂) **ဘဏ်** နှင့် **တာဝန်ခံမိတ္တူ** ဟူသော စကားရပ်များ၏ အဓိပ္ပါယ်သည် ဘဏ်တိုက်စိုးစာအုပ်များသက်သေခံအက်ဥပဒေအရ ဖော်ပြထားသော အဓိပ္ပါယ်နှင့် ထပ်တူဖြစ်စေရမည်။

(၃) ဘဏ်ကပိုင်ဆိုင်သော သို့တည်းမဟုတ် ဘဏ်ကအုပ်ချုပ်လျက်ရှိသော စာအုပ်များကို ကြည့်ရှုစစ်ဆေးခြင်းအတွက် ခွင့်ပြုရန်သော်၎င်း၊ ပုဒ်မခွဲ (၁)အရ ဆင့်ဆိုသော ညွှန်ကြားချက်ကိုဖြစ်စေ၊ တားမြစ်ချက်ကိုဖြစ်စေ လိုက်နာရန်သော်၎င်း၊ ဘဏ်မန်နေဂျာသည် သို့တည်းမဟုတ်

ဘဏ်ကိုယ်စားလှယ်သည် ပျက်ကွက်လျှင် သို့တည်းမဟုတ် ငြင်းပယ်လျှင် ထိုသူကို သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၉။ မည်သူမဆို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်ကိုဆန့်ကျင်ရန် အားထုတ်လျှင် သို့တည်မဟုတ် ထိုသို့ဆန့်ကျင်ခြင်းကို အားပေးကူညီလျှင် သို့တည်းမဟုတ် ထိုသို့ဆန့်ကျင်ခြင်းကိုအားပေးကူညီရန်အားထုတ်လျှင် သို့တည်းမဟုတ် ထိုသို့ဆန့်ကျင်ခြင်းအတွက် ပြင်ဆင်မှုကိုပြုလျှင် ထိုသူသည် ထိုပြဋ္ဌာန်းချက်ကို ဆန့်ကျင်သည်ဟု မှတ်ယူရမည်။

၁၀။ (၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့်ပြုလုပ်သော သို့တည်းမဟုတ် ထိုသို့ပြုလုပ်ရန်ကြံရွယ်သော ပြုမှုအတွက် မည်သူကိုမျှ တရားစွဲမှု သို့တည်းမဟုတ် ရာဇဝတ်မှု သို့တည်းမဟုတ် အခြားတရားမှုခင်း စွဲဆိုရ။

(၂) ဤအက်ဥပဒေအရ အခြားနည်းအတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ဤအက်ဥပဒေနှင့်အညီ ပြုလုပ်သော သို့တည်းမဟုတ် ထိုသို့ပြုလုပ်ရန်ကြံရွယ်သောပြုမှုကြောင့်ဖြစ်စေ သို့တည်းမဟုတ် ဖြစ်စေတန်ရာသည့် ပျက်စီးနစ်နာမှုအတွက် နိုင်ငံတော်အစိုးရအပေါ်တွင် တရားမမှု သို့တည်းမဟုတ် အခြားတရားမှုခင်းမစွဲဆိုရ။

၁၁။ ၁၉၄၇ ခုနှစ်၊ နိုင်ငံပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ (၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံတော်အက်ဥပဒေအမှတ် ၄၃)ကို ဤအက်ဥပဒေဖြင့် ပယ်ဖျက်သည်၊ သို့ရာတွင် ဆိုခဲ့သည့်အတိုင်း ပယ်ဖျက်ပြီးဖြစ်စေကာမူ အဆိုပါအက်ဥပဒေကသော်၎င်း၊ အရသော်၎င်း၊ ပေးအပ်ထားသော အာဏာကိုသုံးစွဲလျက် ပြုလုပ်သည်ဟု သဘောသက်ရောက်သော ပြုမှုကို သို့တည်းမဟုတ် ပြုလုပ်သည်ဟု သဘောသက်ရောက်သော အရေးယူဆောင်ရွက်ချက်ကို ဤအက်ဥပဒေအရ အာဏာများကိုသုံးစွဲလျက် ပြုလုပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၁) ပ၊မ၊ဗ၊စ အမှတ်၄၄၉ (ငွေပေး)၊ စစစ၊ ၉-၆-၅၃-၂၀၀-၂
(၂) ပြည်ထောင်စုမြန်မာနိုင်ငံဥပဒေအတွဲ ၂။

မိတ္တူမှန်